**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး**

**(၁၃) ရက်မြောက်နေ့အစီအစဉ်**

**(၇ - ၁၀ -၂၀၂၆) (ဗုဒ္ဓဟူးနေ့)  နံနက် ၁၀:၀၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဆလိုင်းအောင်ပြည့်၊ တီးတိန်မဲဆန္ဒနယ်၏ **မဟာဓာတ်အားလိုင်း (၆၆)KV လိုင်းအား ကလေးမြို့မှ တီးတိန်မြို့သို့ သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါက်တာငွေးဝင်း၊ အင်ပူမဲဆန္ဒနယ်၏ **အင်ပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွ၊ ညောင်ပင်ကြီးကွင်း၊ တစ်တီတူးကွင်း စသည့်ကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်ကျော်သူ၊ မလှိုင်မဲဆန္ဒနယ်၏ **မလှိုင်မြို့နယ်၊ အ.ထ.က (ခွဲ)ဝါးခွ၊ အ.မ.က(ရေစင်)နှင့် အ.ထ.က(ခွဲ) ထန်းပင်ကန်တို့တွင် ကျောင်းဆောင် အသစ် (၁)လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးစိုင်းကံ၊ မိုင်းရှူးမဲဆန္ဒနယ်၏ **မိုင်းရှူးမြို့နယ်၊ မိုင်အေဝ့ အ.ထ.က(ခွဲ) ကျောင်း၏ ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်သစ် တစ်ဆောင်ကို မည်သည့်နှစ်များတွင် ဆောက်လုပ်ပေးမည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကျော်မင်း၊ သုံးခွ မဲဆန္ဒနယ်၏ **သုံးခွမြို့နယ်၊ မြို့မ- အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ပြုရန်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးဇော်မင်း၊ ကျုံပျော်မဲဆန္ဒနယ်၏ **ကျုံပျော်မြို့နယ်၊ ခရိုင်ပညာရေးမှူးရုံး၌ ပညာရေးအထောက်အကူပြုသိုလှောင်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်၏ **တက္ကသိုလ်ပညာနှင့် အဆင့်မြင့်ပညာ သင်ကြားရန် အခက်အခဲရှိသူများအား ပညာသင်စရိတ်ချေးငွေများ ထုတ်ချေး ပေးရန် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်၏ **နိုင်ငံတော်ကဖွင့်လှစ် ထားသည့် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေး မည်သို့ဆောင်ရွက် နေသည်နှင့် ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးစိုးဝင်း၊ မိုးညှင်းမဲဆန္ဒနယ်၏ **မိုးညှင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်၏ **၁၉၈၄ခုနှစ်၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကို အမျိုးသားရေးဥပဒေ၏မူဝါဒများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီဂျစ်တယ်သင်ယူမှုပုံစံများနှင့် ကိုက်ညီစေရန် အသစ်ပြန်လည် ရေးဆွဲပြဋ္ဌာန်းရန် မည်သို့ဆောင်ရွက်ထားသနည်းနှင့် အနာဂတ်တွင်ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်၏ **“ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာချွန်ဆု/ သိပ္ပံချွန်ဆု)ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို”** ကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်၏ **“နိုင်ငံသူနိုင်ငံသား မိဘပြည်သူ လူထု တစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကု ဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို”**ကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။